Myanmar Peace Monitor

# Weekly News Review

Issue 100, April 5 - 18, 2023



# တစ်နိုင်ငံလုံးက ကုသိုလ်အမျှ ပဋိကြီးမှ ရပါစေ

# တစ်နိုင်ငံလုံးက ကုသိုလ်အမျှ ပဋီကြီးမှ ရပါစေ

## နိဒါန်း

| | |
|---|---|
| ကျား | - ၁၁၈ ဦး၊ |
| မ | - ၄၆ ဦး၊ |
| ကျား/မ ခွဲခြားမရ | - ၄ ဦး၊ |
| စုစုပေါင်း | - ၁၆၈။ |

အာဏာသိမ်းစစ်အုပ်စု၏ လေကြောင်းမှ ပုံးကြဲပစ်ခတ်တိုက်ခိုက်မှုကြောင့် တစ်နေရာတည်း၊ တစ်ချိန်တည်းတွင် အစုလိုက်အပြုံလိုက်သေဆုံးခဲ့ရသော အရပ်သားပြည်သူများ၏ စာရင်းဖြစ်သည်။ နေရာအနှံ့ ကြဲပြန့်နေသော ခန္ဓာကိုယ်အပိုင်းအစများကို ကောက်ယူထုံးဆက်ခဲ့ရသည့်အတွက် တချို့က ကျား-မခွဲခြားနိုင်ရန်ပင် ခက်ခဲသွားခဲ့ရသည်။ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များအပါအဝင် အသက်အရွယ် ခွဲခြားမရနိုင်သော ခန္ဓာကိုယ်အစိတ်အပိုင်းများလည်း တွေ့ရှိခဲ့ရသည်။


ယခုတစ်ပတ် BNI – Myanmar Peace Monitor ၏ အပတ်စဉ်သတင်းသုံးသပ်ချက်တွင် အာဏာသိမ်းစစ်ကောင်စီ၏ လေကြောင်းမှတဆင့် ပုံးကြဲပစ်ခတ်တိုက်ခိုက်မှုကြောင့် ရာနှင့်ချီသော အရပ်သားပြည်သူများ အစုလိုက် အပြုံလိုက်သေဆုံးခဲ့ရမှုအား လေ့လာမှတ်တမ်းပြုတင်ပြသွားပါမည်။

Myanmar Peace Monitor

# ဖြစ်စဉ်

၂၀၂၃ ခုနှစ် ဧပြီလ ၁၁ ရက်၊ နံနက် ၇ နာရီ ၄၅ မိနစ်ခန့်အချိန်၊ စစ်ကိုင်းတိုင်း ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာအုပ်စု ပဇီကြီးရွာအား အာဏာသိမ်း စစ်ကောင်စီက လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှုကြောင့် အစုလိုက်အပြုံလိုက် သေဆုံးခဲ့ရသူပေါင်း ၁၆၈ ဦးရှိခဲ့သည်။ ထိုအထဲ အသက် (၅)နှစ်အောက် ကလေးငယ် ၆ ဦး၊ အသက် (၅)နှစ်မှ (၁၄)နှစ်အကြား ကလေးငယ် ၁၉ ဦး၊ အသက် (၁၄)နှစ်မှ (၁၈)နှစ်အကြား ကလေးငယ် ၅ ဦး၊ အသက်အရွယ်ခွဲခြားမရသည့် ကလေးငယ် ၁၀ ဦး၊ အသက် (၁၈)နှစ်အထက် လူကြီး ၉၇ ဦး နှင့် အသက်ခွဲခြားမရသည့် လူကြီး ၃၁ ဦး ပါဝင်ကြောင်း ဧပြီလ ၁၆ ရက်တွင် အမျိုးသားညီညွတ်ရေးအစိုးရ (NUG)က သတင်းစာရှင်းလင်းပွဲပြုလုပ်ကာ ထုတ်ပြန်ခဲ့သည်။ အဆိုပါထုတ်ပြန်ချက်အရ အကြီးစားကုသမှု ခံယူနေရသူ (၁၆) ဦး ရှိနေပြီး အသက် (၈)နှစ်အရွယ်ကလေးငယ် အပါအဝင် (၁၈)နှစ်အောက် ကလေး ၅ ဦးနှင့် အသက် (၁၈)နှစ်အထက် လူကြီး ၁၁ ဦးပါဝင်နေသည်ကို တွေ့ရပါသည်။

ပဇီကြီးရွာ လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်ခံရမှုကြောင့် အစုလိုက်အပြုံလိုက်သေဆုံးခဲ့ရသူပေါင်း





အာကာသိမ်းစစ်ကောင်စီ၏ လေကြောင်းမှတဆင့် ပုံးကြဲပစ်ခတ်တိုက်ခိုက်မှုကြောင့် ပဇီကြီးရွာ အစုလိုက် အပြုံလိုက် သေဆုံးခဲ့ရသည့် ၁၆၈ ဦးထဲတွင် ရပ်ရွာအဆင့်ပြည်သူ့ကာကွယ်ရေးအဖွဲ့(ပကဖ)တာဝန်ထမ်းဆောင်နေသူ ၁၂ ဦး၊ ပြည်သူ့လုံခြုံရေးအဖွဲ့(ပလဖ)တာဝန်ထမ်းဆောင်နေသူ ၂ ဦးနှင့် ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ (ပအဖ) တာဝန်ထမ်းဆောင်နေသူ ၄ ဦး စုစုပေါင်း ၁၈ ဦးပါဝင်ကြောင်း NUG ဝန်ကြီးချုပ်ရုံး ပြောခွင့်ရသူ ဦးနေဘုန်းလတ်က ပြောဆိုထားပါသည်။ [1]

## ဆက်စပ်သတင်းဖြစ်စဉ်များ

အာကာသိမ်းစစ်အုပ်စုသည် ၎င်းတို့၏ ရက်စက်သော အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်စဉ်အတွင်း အရပ်သား ပြည်သူများ၏ ရုပ်အလောင်းများ ကောက်ယူ စာရင်းပြုခြင်းနှင့် ကူညီကယ်ဆယ်ရေးလုပ်ဆောင်နေသူများအား လေကြောင်းမှတဆင့် ခြိမ်းခြောက်တိုက်ခိုက်ခြင်းနှင့် လက်နက်ကြီးများ ပစ်ခတ်ခြင်းများပြုလုပ်နေသဖြင့် ရုပ်အလောင်းများအား သင်္ဂြိုလ်နိုင်ခြင်းမရှိခဲ့ကြောင်း ဧပြီလ ၁၂ ရက်၊ မွန်းလွဲပိုင်းတွင် ကူညီကယ်ဆယ်ရေးလုပ်ဆောင်နေသူတစ်ဦးက ပြောပါသည်။ [2]

---

[1] ပဇီကြီးရွာလေကြောင်းတိုက်ခိုက်ခံရမှု သေဆုံးသူများတွင် ပြည်သူ့ကာကွယ်ရေးအဖွဲ့ဝင် ၁၈ ဦးပါဝင် https://rb.gy/nrif5

[2] ပဇီကြီးရွာမှာ အလောင်းတွေ ရှင်းလင်းလို့မရအောင် စစ်ကောင်စီလေကြောင်းတိုက်ခိုက်မှု ဆက်လုပ်နေ http://rb.gy/jzr2o

ဧပြီလ ၁၃ ရက်တွင်ပြုလုပ်သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ တံခါးပိတ်အစည်းအဝေးတွင်တော့ ပဇီကြီးရွာ လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်ခံရမှုဖြစ်စဉ်အား ဆွေးနွေးခဲ့ကြသည်။ သို့သော် မြန်မာအာဏာသိမ်းစစ်ခေါင်းဆောင်နှင့် အလွမ်းသင့်သော ရုရှားနိုင်ငံက အလှည့်ကျဥက္ကဌတာဝန်ယူထားသည့် ကုလလုံခြုံရေးကောင်စီသည် အရပ်သားပြည်သူပေါင်း ရာနှင့်ချီကာ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရသည့် ဖြစ်စဉ်အပေါ် ကန့်ကွက်ရှုတ်ချရန်ပင် ပျက်ကွက်ခဲ့သည်ကို တွေ့ရပါသည်။

"လုံခြုံရေးကောင်စီအနေနဲ့ ဒီကိစ္စကို ရှုတ်ချရမယ်လို့ ကျွန်မတို့ယူကေနိုင်ငံက ယုံကြည်ပါတယ်။ လုံခြုံရေးကောင်စီရဲ့ဆုံးဖြတ်ချက် အမှတ် ၂၆၆၉ ကို အကောင်အထည်ဖော်ရေး တောင်းဆိုဖို့လည်းလိုပါတယ်။ ဒါပေမဲ့ ဒီနေ့ ရှုတ်ချဖို့ ဆုံးဖြတ်ချက်မချနိုင်ပါဘူး။ ဒီလိုမချနိုင်တဲ့အပေါ် ကျွန်မတို့ တော်တော်စိုးရိမ်ပါတယ်"ဟု ဗြိတိန်နိုင်ငံဆိုင်ရာသံအမတ် Barbara Woodward က မှတ်ချက်ပြုခဲ့ပါသည်။ [3]

အာဏာသိမ်းစစ်ကောင်စီ၏ ပဇီကြီးရွာ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်သည် အရပ်သားပြည်သူများအား ရည်ရွယ်ချက်ရှိစွာ တမင်ပစ်မှတ်ထားခြင်းဖြစ်သဖြင့် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ထောက်ပြကာ ကနေဒါနိုင်ငံနှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးတို့က ထုတ်ပြန်ရှုတ်ချခဲ့ကြပါသည်။ ထို့အပြင် အမေရိကန်၊ နော်ဝေ၊ ဥရောပသမဂ္ဂ(EU) နှင့် အာဆီယံအလှည့်ကျဥက္ကဌ အင်ဒိုနီးရှားတို့ကလည်း ကန့်ကွက်ရှုတ်ချခဲ့ကြသည်ကို တွေ့ရပါသည်။

ပဇီကြီးရွာနှင့် ၄ မိုင်အကွာရှိ မလည်ရွာတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်ကမူ ၎င်းတို့၏ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုဖြစ်စဉ်အား မှတ်တမ်းမကျန်စေရေးအတွက် ဧပြီ ၁၉ ရက်၊ မွန်းလွဲ ၂ နာရီခွဲဝန်းကျင်တွင် အင်အား (၃၀၀) ခန့်ဖြင့် ပဇီကြီးရွာအတွင်း ဝင်ရောက်ကာ နယ်မြေရှင်းလင်းရေးလုပ်ဆောင်နေပါသည်။ ထို့အပြင် ပဇီကြီးရွာအနီးတဝိုက်တွင်လည်း စစ်ကောင်စီတပ်များ ကင်းပုန်းဝပ် ဖြန့်ကြပ်ထားခြင်းနှင့် စစ်ကြောင်းထိုးလာခြင်းတို့ကြောင့် ပဇီကြီးရွာအပါအဝင် အနီးအနားရှိ မဲဇတော်၊ ရွာသာယာ၊ ထန်းတော၊ ချောင်းသာ၊ ချောင်းမကြီး စသည့် ကျေးရွာများမှ ရာနှင့်ချီသည့် ဒေသခံပြည်သူများ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရသည်။ [4]

---

[3] ပဇီကြီးရွာတိုက်ခိုက်ခံရမှု တရုတ်နဲ့ ရုရှားကြောင့် ကုလလုံခြုံရေးကောင်စီ ရှုတ်ချဖို့ ပျက်ကွက် http://rb.gy/mjnvl

[4] ပဇီကြီးရွာကို စစ်ကောင်စီတပ် စစ်ကြောင်းထိုးလာ http://rb.gy/9elgs

# သုံးသပ်တင်ပြချက်

ပဇီကြီးရွာလေကြောင်းတိုက်ခိုက်ခံရမှုဖြစ်စဉ်သည် စစ်အာဏာသိမ်းကာလ ၂ နှစ်ကျော်အတွင်း အရပ်သားပြည်သူသေဆုံးမှု အများဆုံး အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှုဖြစ်ခဲ့ပြီး အာဏာသိမ်းစစ်အုပ်စု၏ အယုတ်ညံ့ဆုံးလုပ်ရပ်ဟု ဆိုရမည်ဖြစ်သည်။ ယခုကဲ့သို့ အရပ်သားပြည်သူများအပေါ် ပစ်မှတ်ထားကာ လေကြောင်းမှတဆင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်စဉ်များကို ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်းရှိ အနန့်ပါဖြစ်စဉ်၊ စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ်အတွင်းရှိ လက်ယက်ကုန်းရွာ စာသင်ကျောင်းဖြစ်စဉ်တို့သည် သိသာထင်ရှားသော စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများဖြစ်သကဲ့သို့ ကရင်နီ (ကယား)ပြည်နယ်အတွင်းရှိ စစ်ဘေးရှောင်စခန်းများအား ပစ်မှတ်ထားကာ မကြာခန ဆိုသလို လေကြောင်းမှတဆင့် ဗုံးကြဲတိုက်ခိုက်မှုများကိုလည်း တွေ့ရှိရပါသည်။

အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့ထိန်းချုပ်နိုင်စွမ်းမရှိတော့သည့် ဒေသများအတွင်း ကျေးရွာလုံးကျွတ် မီးရှို့ ဖျက်ဆီးခြင်း၊ အရပ်သားပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ လူသားဒိုင်းအဖြစ် ဖမ်းဆီးအကာအကွယ်ယူခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များအား နေ့စဉ်နှင့်အမျှ လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့၏ ရပ်စက်ကြမ်းကြုတ်မှုများကို ပြသကာ ပြည်သူလူထုအကြား စိတ်ဓာတ်စစ်ဆင်းခြင်း၊ သတင်းအမှားများထုတ်ကာ ဝါဒဖြန့်ခြင်းတို့ကို စနစ်တကျ လုပ်ဆောင်လေ့ရှိပါသည်။ ဆိုခဲ့ပါ ပဇီကြီးရွာလေကြောင်းတိုက်ခိုက်



“

ပဇီကြီးရွာဖြစ်စဉ်ကဲ့သို့သော စစ်အုပ်စု၏ အရပ်သား ပြည်သူများအပေါ် ပစ်မှတ်ထားတိုက်ခိုက်မှုများ ထပ်မံ မကြုံတွေ့စေရေးသည် နွေဦးတော်လှန်ရေး အင်အားစုတစ်ခုချင်းစီက ချဉ်းကပ်ဖြေရှင်းရမည့် ပုဒ်စာတစ်ခု ဖြစ်နေပါသည်။

”

မှုဖြစ်စဉ်ကိုလည်း အမျိုးသားညီညွတ်ရေးအစိုးရ၏ ဌာနချုပ်တည်ဆောက်ရန် လုပ်ဆောင်ခြင်းကြောင့် စစ်ရေးပစ်မှတ်အဖြစ် တိုက်ခိုက်ခြင်းဖြစ်ကြောင်း ဧပြီလ ၁၃ ရက်တွင် စစ်ကောင်စီက သတင်းထုတ် ဝါဒဖြန့်ခဲ့ပါသည်။

နွေဦးတော်လှန်ရေးအင်အားစုများဖြစ်သည့် NUG အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (ERO)များ၊ မြို့ပြဒေသအလိုက် PDF – LDF များ၊ စစ်အာဏာသိမ်းမှုဆန့်ကျင်သော သပိတ်အင်အားစုများနှင့် မြန်မာတစ်နိုင်ငံလုံးရှိ ပြည်သူလူထုတစ်ရပ်လုံးသည် အရပ်သားပြည်သူပေါင်း ၁၆၈ ဦးသေဆုံးခဲ့ရသည့် ပဇီကြီးရွာ လေကြောင်းတိုက်ခိုက်ခံရမှုအတွက် ဝမ်းနည်းကြောင်းကို ပုံသဏ္ဍာန်မျိုးစုံဖြင့် ပြသခဲ့ကြသည်။ တုန်လှုပ်ချောက်ခြားဖွယ်ကောင်းသော အာဏာသိမ်းစစ်အုပ်စု၏ နိုင်ငံတဝှမ်း အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်စဉ်များသည် ၎င်းတို့အတွက် အမြတ်အစွန်းထွက်ရှိသွားသည်ကို မတွေ့ရဘဲ နွေဦးတော်လှန်ရေးအင်အားစုများ အချင်းချင်းညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်များကိုသာ ပိုမိုတိုးပွားလာသည်ကို တွေ့ရှိရပါသည်။ ပိုမိုထူးခြားသည်ကမူ မြန်မာပြည်သူလူထု၏ အမုန်းတရားသည် အာဏာသိမ်းစစ်အုပ်စုအပေါ် ထုထည်ပိုမိုကြီးမားသွားစေသည်ဟု ဆိုရပါမည်။

မြန်မာပြည်သူလူထုသည် နေ့စဉ်နှင့်အမျှ အကြမ်းဖက်လုပ်ရပ်များအား ပုံသဏ္ဍာန်မျိုးစုံဖြင့် ကျူးလွန်ခွင့်ရရှိနေသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ အာဏာသိမ်းစစ်အုပ်စုအပေါ် ဖိအားပေးချဉ်းကပ်နေကြသော ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအစိုးရများ၏ လုပ်ဆောင်ချက်များကို အားမလိုအားမရဖြစ်နေကြပြီ ဖြစ်သည်။ ထို့အတူ အာဏာသိမ်းစစ်အုပ်စုအား ခုခံတော်လှန်စစ်ကြေညာထားသော NUG အပါအဝင် နွေဦးတော်လှန်ရေးအင်အားစုများ၏ အချင်းချင်းညီညွတ်မှု၊ ပူးပေါင်းဆောင်ရွက်နိုင်မှုနှင့် အရပ်သားပြည်သူများအပေါ် စစ်အုပ်စု၏ အန္တရာယ်မှ အကာအကွယ်ပေးနိုင်မှုကို မေးခွန်းထုတ်လာနေသည်ကို တွေ့ရပါသည်။

ထို့ကြောင့် ပဇီကြီးရွာဖြစ်စဉ်ကဲ့သို့သော စစ်အုပ်စု၏ အရပ်သားပြည်သူများအပေါ် ပစ်မှတ်ထားတိုက်ခိုက်မှုများ ထပ်မံမကြုံတွေ့စေရေးသည် နွေဦးတော်လှန်ရေးအင်အားစုတစ်ခုချင်းစီက ချဉ်းကပ်ဖြေရှင်းရမည့် ပုဒ်စာတစ်ခုဖြစ်နေပါသည်။ တစ်ဖက်တွင်လည်း ပဇီကြီးရွာလေကြောင်းတိုက်ခိုက်မှုကဲ့သို့သော အာဏာသိမ်းစစ်အုပ်စု၏ အကြမ်းဖက်လုပ်ရပ်များအတွက် တရားမျှတမှု ရရှိဖွေနိုင်ရေး ပြင်ဆင်ရမည်ဖြစ်ကြောင်း ရှုမြင်မိပါသည်။

ဧပြီလ ၁၇ ရက်၊ မြန်မာသင်္ကြန်ရာဇ် နှစ်ဆန်းတစ်ရက်နေ့၊ စစ်အာဏာသိမ်းမှု ဆန့်ကျင်ရေး သပိတ်လှုပ်ရှားမှုများတွင်တော့ ကန့်ဘလူမြို့နယ်၊ ပဇီကြီးကျေးရွာနေ ကျဆုံးအရပ်သား ပြည်သူများအား ရည်စူးကာ ကောင်းမှုကုသိုလ်ပြုခြင်း၊ ဆုတောင်းခြင်းများ ပြုလုပ်ခဲ့သည်ကို တွေ့ရသည်။

“တစ်နိုင်ငံလုံးက ကုသိုလ်အမျှ ပဇီကြီးမှ ရပါစေ” ဟူ၏။



## အသက်မပြည့်သူ မိန်းကလေး (၄)ဦးအား ပုသိမ်ထောင်တွင်း တရားရုံးက ငါးနှစ်စီပြစ်ဒဏ်ချ

၁၃ မေ ၂၀၂၃

ပုသိမ်အကျဉ်းထောင်တွင်း တရားရုံးမှ အထက်တန်းကျောင်းသူ လေးဦးကို PDF များဟု စွပ်စွဲကာ ထောင်ဒဏ်များ အသီးသီးချမှတ်လိုက်သည်။

စစ်ကောင်စီက အသက် ၁၈ နှစ် မပြည့်သေးသည့် အထက်တန်း ကျောင်းသူ လေးဦးကို PDF များဟု စွပ်စွဲပြီး ထောင်ဒဏ် ၅ နှစ်နီးပါးစီ အမိန့်ချလိုက်သည်ဟု တရားရေးဌာနနှင့် နီးစပ်သည့် အသိုင်းအဝိုင်းထံမှ သိရသည်။

တရားလွှတ်တော် ရှေ့နေတစ်ဦးက "ခလေးမလေးတွေက အသက် ၁၈ နှစ် မပြော နဲ့ ၁၆ နှစ်တောင် မပြည့်ကြသေးဘူး။ အသက် ၂၀ အထိ မိန်းကလေး သင်တန်းကျောင်းမှာ နေရမယ်လို့ အမိန့်ချလိုက်တယ်။ ထောင် လေးနှစ်ကျော် ငါးနှစ်ချလိုက်တဲ့ သဘောပါပဲ" ဟု ပြောသည်။

ပုသိမ်မြို့က အသက် ၁၅ နှစ်နှင့် ၁၆ နှစ် အကြားရှိ ဝလုံးလေး ခေါ် မလင်းလက်အောင်၊ မအေးနှင်းသူ၊ မသော်တာမင်းနှင့် မမှူးသွဲ့စံ ၄ ဦးတို့ကို ပုသိမ်ခရိုင် တရားသူကြီးက ပုသိမ်အကျဉ်းထောင်တွင်း တရားရုံးမှ ပြီးခဲ့သည့် ဧပြီလ ၇ ရက်နေ့တွင် ပုဒ်မ ၅၀-ည၊ ၅၂-က တို့ဖြင့် အမိန့်ချလိုက်ခြင်း ဖြစ်သည်။

အဆိုပါ မိန်းခလေးငယ် ၄ ဦးနှင့်အတူ လူမှုကွန်ယက်မှ ချိတ်ဆက်မှု ရှိသည်ဟုဆိုကာ စစ်ကောင်စီက စွပ်စွဲဖမ်းဆီးထားသူ အသက် ၁၇ နှစ်ကျော်ရှိ ငပုတောမြို့နယ်က မောင်ကျော်မြတ်ဟိန်း၊ ချောင်းသာကမ်းခြေမြို့က မောင်သက်ကိုမင်းတို့ နှစ်ဦးကိုမူ အမိန့်မချသေးဘဲ အကြမ်းဖက်ပုဒ်မ ၅၀-ည၊ ၅၂-က တို့ဖြင့် စစ်ဆေးနေဆဲဖြစ်သည်ဟု ရှေ့နေအသိုင်းအဝိုင်းထံမှ သိရသည်။

မိသားစုနှင့် နီးစပ်သူတစ်ဦးက "ခလေးတွေက facebook သုံးကြတယ်လေ။ အဲ့ဒါ တချို့ post တွေကို like ပေးတာ ment ရေးတာတွေ ရှိတယ်။ သူတို့ စကစ မကြိုက်တဲ့ဟာ လုပ်မိတော့ ဖမ်းတယ်။ ငွေညှစ်ပြီးတော့ ကြံဖန်ထောင်ချတယ်" ဟု ပြောသည်။

ထို့အပြင် ထောင်ဒဏ်အသီးသီးချခံလိုက်ရသည့် အထက်တန်းကျောင်းသူ လေးဦးအမှုနှင့်ပတ်သက်၍ အသားမဲမဲ အရပ်ပုကွကွ တရားခွင်မှာ ကွမ်းတဖတ်ဖတ် စားလေ့ရှိသူ ဇော်မဲလုံးဟု အမည်ပြောင် အပေးခံထားရသည့် ပုသိမ်ခရိုင် တရားသူကြီးက မိဘများထံမှ ကျပ်သိန်း ၅၀ ငွေညှစ်တောင်းယူခဲ့သေးသည်ဟု မိသားစုနှင့် နီးစပ်သူတစ်ဦးက ပြောသည်။

အသက် ၁၈ နှစ် မပြည့်သေးသည့်သူများကို ရာဇဝတ်မှုကျူးလွန်ခြင်းမရှိဘဲ ထောင်ဒဏ် ၅ နှစ်နီးပါး ပြစ်ဒဏ်ချမှတ်ခြင်းမှာ အပြည်ပြည်ဆိုင်ရာ ကလေးသူငယ် အခွင့်အရေး ဥပဒေကို ချိုးဖောက်ခြင်း ဖြစ်သည်ဟု ကလေးသူငယ် အခွင့်အရေးဆိုင်ရာလှုပ်ရှားနေသူတစ်ဦးက ပြောသည်။

စစ်ကောင်စီက ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့မှ ၁၇ ရက်နေ့အတွင်း NUG ၏ ဖယ်ဒရယ် အွန်လိုင်းပညာရေးကျောင်းတက်သည်ဟုဆိုကာ ပုသိမ်၊ ငပုတော၊ ကန်ကြီးထောင့်မြို့နယ်အတွင်းက အထက်တန်းကျောင်းသူ ကျောင်းသား ၁၄ ဦး ကို ဖမ်းဆီးခဲ့ကြသည်။


ဖမ်းဆီးခံခဲ့ရသည့် အဆိုပါ ကျောင်း ၁၄ ဦး အနက် မောင်သက်ကိုမင်း၊ မောင်ကျော်မြတ်ဟိန်း၊ မလင်းလက်အောင်၊ မအေးနှင်းသူ၊ မသော်တာမင်းနှင့် မမှူးသွဲ့စံတို့ကို ပုဒ်မ ၅၀-ည၊ ပုဒ်မ ၅၂-က တို့ဖြင့် တရားစွဲဆိုထားပြီး အခြားကျောင်းသူ/သားများကိုမူ လွှတ်ပေးလိုက်သည်ဟု တရားရေးအသိုင်းအဝိုင်းထံမှ သိရသည်။

BNI–MPM

# အပိုင်း ၂


## တစ်ပတ်အတွင်း ဘာတွေဖြစ်ခဲ့သလဲ


BNI - Myanmar Peace Monitor ၏ မှတ်တမ်းအရ ဧပြီလ ၅ ရက်မှ  ၁၈ ရက်အထိ နှစ်ပတ်တာအတွင်း အာဏာသိမ်းစစ်ကောင်စီတပ်နှင့် မြို့ပြဒေသအလိုက်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့(PDF/LDF)များ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း(ERO)များအကြား တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း ၆၆ ရက် ရှိခဲ့ပါသည်။ တိုင်းနှင့် ပြည်နယ်အလိုက် နှိုင်းယှဉ်ကြည့်ပါက ရှမ်းပြည်နယ်သည် တိုက်ပွဲဖြစ်ပွားမှု ရက်ပေါင်း ၁၄ ရက်အထိ ရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့ပါသည်။ မိမိတို့အနေဖြင့် တိုက်ပွဲဖြစ်ပွားမှုအခြေအနေများကို ကောက်ယူမှတ်တမ်းပြုရာတွင် မြို့နယ်အလိုက် ရက်ဖြင့်သာ မှတ်တမ်းတင်ထားသည့်အတွက် အကြိမ်ရေအားဖြင့်မှု ယခုထက်ပိုမို များပြားနိုင်ပါသည်။





**၆၆ ရက်**

တစ်ပတ်အတွင်း
တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း





စစ်ကောင်စီတပ်သား၊ ပြည်သူ့ကာကွယ်ရေးတပ်သား၊ အရပ်သားသေဆုံးမှု
မေ ၅ - ၁၈ -၂၀၂၃
၄၆၈
စစ်ကောင်စီတပ်သားသေဆုံးမှု
၂၃
ပြည်သူ့ကာကွယ်ရေးတပ်သား သေဆုံးမှု
၁၉၁
အရပ်သားသေဆုံးမှု
280
260
240
220
200
180
160
140
120
100
80
60
40
20
0
၃
၁၁၇
၁၉
၁၅၇
၉၇
၂
၆၇
၁၃
၄၂
၄
၃၃
၃၀
၆
၃၀
၂၅
၃
၁၄
၁
၉
၃
၁
၃
၁
ကရင်
စစ်ကိုင်း
မန္တလေး
ချင်း
တနင်္သာရီ
ကယား
ရှမ်း
မကွေး
မွန်
ပဲခူး
ရန်ကုန်
ရခိုင်
ကချင်
စစ်ကောင်စီတပ်သား
ပြည်သူ့ကာကွယ်ရေးတပ်သား
အရပ်သား


၁၇၂၇၀
စစ်ဘေးရှောင်အရေအတွက် (မေ ၅ - ၁၈ -၂၀၂၃)
၇၅၀၀
၅၂၀၀
၃၂၀၀
၁၀၇၀
၃၀၀
စစ်ကိုင်း
ကရင်
ပဲခူး
ရှမ်း
တနင်္သာရီ


# စစ်ကိုင်းတိုင်း

ခင်ဦးမြို့နယ်၊ ရေဦးနှင့် ခင်ဦးဆက်သွယ်ထားသည့် မူးမြစ်ကူးတံတားမှ ခင်ဦးဘက်အခြမ်းသို့ ဧပြီလ ၁၁ ရက်က စစ်ကောင်စီတပ်သား အင်အား ၆၀ ခန့်ပါ စစ်ကြောင်းထိုးလာခြင်းကြောင့် ရွာပေါင်း ၇ ရွာမှ ဒေသခံသုံးထောင်ကျော်သည် ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရပါသည်။ လက်ရှိတွင် အင်းပါတ်၊ ချမ်းသာကုန်း၊ ရွာသစ်၊ ကုန်းသာ၊ မရမ်းအင်း၊ ညောင်ပင်ခြံနှင့် ဆည်ကြီးရွာများမှ ဒေသခံများ နေရပ်စွန့်ခွာထွက်ပြေးနေရခြင်းဖြစ်ပါသည်။ ထို့ပြင် စစ်ကောင်စီတပ်မှ ကျေးရွာများအတွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်သဖြင့် တိမ်းရှောင်နေကြရသည့် စစ်ဘေးရှောင် ၄ဦး ဖြစ်သသော အသက် ၁၂ နှစ်အရွယ် မောင်မင်းထက်ကျော်၊ အသက် ၄၆ နှစ်အရွယ် ဒေါ်ဘုတ်ဆုံ၊ အသက် ၄၆ နှစ်အရွယ် ကိုဝင်းကြိုင်နှင့် အသက် ၃၅ နှစ်အရွယ် ကိုနိုင်ထွန်းတို့ ဒဏ်ရာရရှိခဲ့ပါသည်။ [1]

ကလေးမြို့ပေါ် တပ်ဦးသီတာရပ်ကွက်၊ ဗိုလ်ချုပ်လမ်းမ တံတာဦးတွင် စစ်ကောင်စီကိုဆန့်ကျင်သော တော်လှန်သကြ်ံန် ဆန္ဒဖော်ထုတ်ခဲ့သူ ၄ ဦးအား ဧပြီလ ၁၆ ရက်က စစ်ကောင်စီတပ်ဖွဲ့က ဖမ်းဆီးခဲ့ပြီးနောက် ၎င်းတို့မိသားစုဝင်အချို့ကိုပါ နေအိမ်အထိ လိုက်လံဖမ်းဆီးခဲ့ပါသည်။ တော်လှန်သကြ်ံန် လှုပ်တပြတ်ဆန္ဒဖော်ထုတ်ခဲ့သူများအနက် ကိုသန်းစိုးဦး၊ မကျိန်ဒွန့်ကိမ်၊ မနင်းစံနှင့် ကိုမျိုးကိုဝင်းတို့ကို စစ်ကောင်စီတပ်ဖွဲ့မှ ဖမ်းဆီးခဲ့သည့်အပြင် မကျိန်ဒွန့်ကိမ်၏ အသက် ၆၀ အရွယ် နာမကျန်းမိခင်ဖြစ်သူနှင့် အကြားမပြောမသန်စွမ်းသော တူမတော်စပ်သူတို့ကိုလည်း ဖမ်းဆီးခေါ်ဆောင်ခဲ့ပြီး နေအိမ်ကိုလည်း ချိပ်ပိတ်ခဲ့ပါသည်။ [2]





ကနီ၊ စစ်ကိုင်း၊ ဆားလင်းကြီး၊ ဘုတလင်၊ မင်းကင်း၊ အရာတော်၊ ဟုမ္မလင်း၊ ယင်းမာပင်နှင့် ကလေး မြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ဒေသအလိုက် PDF တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၇၈ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၄ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် စစ်ကိုင်းနှင့် မြင်းမူ မြို့နယ်များတွင် စစ်ကောင်စီတပ် ပုံးဖြင့် တိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်သား ၁၉ ဦး သေဆုံးခဲ့သည်။ ဧပြီလ ၁၂ ရက်နေ့က ကလေးမြို့နယ်တောင်ပိုင်း သာစည်ရွာအနီးရှိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ စခန်းကို စစ်ကောင်စီတပ်သည် ဝင်ရောက် စီးနင်းခဲ့ပြီး ပြည်သူ့ကာကွယ်ရေးတပ်မှ ၁ ဦး ကျဆုံး၍ ၈ ဦး ဖမ်းဆီးခံခဲ့ရသည်။ ထို့အပြင် ကန့်ဘလူမြို့နယ်၊ ပဇီကြီးကျေးရွာတွင် စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင် ၁၄ ဦး နှင့် အရပ်သား ပြည်သူ ၁၅၄ ဦး သေဆုံးခဲ့သည်။ စစ်ကောင်စီတပ်၏လေကြောင်း ပစ်ခတ်မှုကြောင့် စစ်ကိုင်းနှင့် ယင်းမာပင်မြို့နယ်များမှ ဒေသခံ ၂ ဦး သေဆုံးခဲ့သည်။ ဧပြီလ ၅ ရက်နေ့က ဘုတလင်မြို့နယ် ၊ ဒါန်းတိုင်ကျေးရွာကို စစ်ကောင်စီတပ် ဝင်ရောက်စီးနင်းပြီး ပစ်ခတ်မှုကြောင့် ဒေသခံတစ်ဦး သေဆုံးခဲ့သည်။ စစ်ကောင်စီတပ်မှ လူနေအိမ်များကို မီးရှို့၍ လက်နက်ကြီးများဖြင့် ပစ်ခတ်စစ်ကြောင်းထိုးလာသောကြောင့် ဆားလင်းကြီး၊ ခင်ဦးနှင့် စစ်ကိုင်းမြို့နယ်များမှ ဒေသခံပြည်သူ ၇၅၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။




1 https://tinyurl.com/29mqfl4h

2 https://tinyurl.com/2ajzyg6c


# ကချင်ပြည်နယ်




ဖားကန့်မြို့နယ်တွင် စစ်ကောင်စီစစ်ယာဉ်တန်း တိုက်ခိုက်ခံရ၍ စစ်ကောင်စီတပ်မှ လူသားဒိုင်းအဖြစ် ဖမ်းဆီးလာသည့် ဒေသခံများအနက် တစ်ဦးသေဆုံးကာ ၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ဧပြီ ၁၈ ရက်တွင် စစ်ကောင်စီတပ်သည် ဖားကန့်မြို့သို့သွားရာ လမ်းမကြီးဘေးရှိ ဆိုင်းဖရာကျေးရွာကို ဝင်ရောက်စီးနင်းခဲ့ပြီး အမျိုးသမီးနှင့် ကလေးငယ်များ အပါအဝင် ဒေသခံ အယောက် ၅၀ ခန့်ကို လူသားဒိုင်းအဖြစ် ဖမ်းဆီးခဲ့ပါသည်။ ထိုသို့ဖမ်းဆီးလာစဉ် စစ်ကောင်စီတပ်ယာဉ်တန်းအား ဆိုင်းဖရာကျေးရွာအကျော် ဂတ်နွယ်(ပျားအုံ)ရွာထိပ်အရောက်တွင် ကချင်လွတ်လပ်ရေးတပ်မတော် (KIA )မှ မိုင်းဆွဲတိုက်ခိုက်ခဲ့ပြီး နှစ်ဖက်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ဖမ်းဆီးလာသည့် ဒေသခံများအနက် အသက် (၂၅) နှစ်အရွယ် အင်ဒွပ်ဆိုင်းနူးမိုင်မှာ ပွဲချင်းပြီးသေဆုံးခဲ့ခြင်းဖြစ်ပါသည်။ [3]

ရွှေကူမြို့နယ်အတွင်း ကျေးရွာ ၁၂ ရွာမှ အိမ်ခြေ ၁,၀၀၀ နီးပါးကို စစ်ကောင်စီတပ်မ(၈၈)လက်အောက်ခံတပ်များမှ ၁၉ ရက်ကြာ စစ်ကြောင်းထိုးပြီး မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရပါသည်။ စစ်ကောင်စီတပ်သည် ရွှေကူမြို့နယ်အတွင်း လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးပစ်ခတ်မှုနှင့် ဝင်ရောက်မီးရှို့ဖျက်ဆီးမှုများကြောင့် မံဝိန်း၊ စီသာ၊ မံနား၊ တုံးကောက်၊ စီသောင်၊ မံခါး၊ စီမော်၊ဟိန်ကောင်၊ စီမူကြီး၊ စီမူလေး၊ နတ်လန်၊ နောင်လတ်ကြီးစသည့်ကျေးရွာ ၁၂ ရွာမှ လူနေအိမ်များ ပျက်စီးခဲ့ခြင်းဖြစ်ပါသည်။ [4]

ဧပြီလ ၁၈ ရက်နေ့က ဖားကန့်မြို့သို့သွားရာ လမ်းမကြီးဘေးရှိ ဂတ်နွယ်(ပျားအုံ) ရွာထိပ်ပိုင်းတွင် စစ်ကောင်စီတပ်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်(KIA)တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ အဆိုပါ တိုက်ပွဲတွင် လူသားဒိုင်းကာအဖြစ် စစ်ကောင်စီက ဖမ်းဆီးခေါ်ဆောင်လာသော ဆိုင်းဖရာကျေးရွာမှ ပြည်သူ တစ်ဦး သေဆုံးခဲ့ရသည်။





3 https://tinyurl.com/2yd5n66s

4 https://tinyurl.com/28v2kmvw


# မကွေးတိုင်း

မြိုင်မြို့နယ်၊ မန်ကျည်းကန်ရွာကို ဧပြီ ၁၈ ရက်က စစ်ကောင်စီတပ် Mi35 တိုက်ခိုက်ရေးရဟတ်ယာဉ် ၁ စီးဖြင့် လေကြောင်းတိုက်ခိုက်ခဲ့ပြီး Mi17 ရဟတ်ယာဉ်တစီးဖြင့် စစ်ကောင်စီတပ်သားများချခဲ့ကာ ဝင်ရောက်စီးနင်းခဲ့ခြင်းဖြစ်ပါသည်။ ကျေးရွာအတွင်း ပြည်သူ့ကျန်းမာရေးဆေးခန်းတစ်ခုကို မီးရှို့ဖျက်ဆီးခဲ့ပြီး၊ ဆေးခန်းအတွင်းရှိ လူနာများနှင့် အိမ်ခြေ ၂၀၀ ခန့်မှ ဒေသခံများ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရပါသည်။ ထို့ပြင် စစ်ကောင်စီတပ်သားများသည် ညောင်ရွာအနီးရှိ ကာကွယ်ရေးစခန်းကိုလည်း လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ပြီး ကာကွယ်ရေးစခန်းနှင့် ကား ၂ စီးကို မီးရှို့ဖျက်ဆီးခဲ့ကာ ငွေကျပ်သိန်း ၁၀၀ ကို ယူဆောင်သွားခဲ့ပါသည်။ [5]

ဧပြီ ၇ရက်တွင် ဂန့်ဂေါမြို့နယ်အတွင်းရှိ လာပိုကျေးရွာ၊ ပိုဦးကျေးရွာ၊ ရွာစည်ကျေးရွာနှင့် မြင်းဇာကျေးရွာများအတွင်းသို့ ဂန့်ဂေါမြို့အခြေစိုက် စစ်ကောင်စီတပ် ခလရ (၅၀)မှ စစ်ကြောင်းထိုး ဝင်ရောက်ခဲ့ပြီး လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့ခြင်းကြောင့် ဒေသခံ ၇၀၀၀ကျော် ထွက်ပြေးတိမ်းရှောင်နေကြရပါသည်။ ၎င်းစစ်ကြောင်းသည် ပိုဦးကျေးရွာသို့ စတင်ဝင်ရောက်ခဲ့ပြီး ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းနှင့် လူနေအိမ်များကို ဝင်ရောက်ရှာဖွေခဲ့ပြီး၊ လာပိုရွာသို့ လက်နက်ကြီးလက်နက်ငယ်များပစ်ခတ်ကာ ဝင်ရောက်ခဲ့ခြင်းကြောင့် နေအိမ် ၂ လုံး မီးလောင်ခဲ့ပါသည်။ [6]





မြိုင်၊ မင်းတုန်း၊ ပေါက်နှင့် ဆိပ်ဖြူမြို့နယ်များတွင် စစ်ကောင်စီတပ် နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၃ ဦး ကျဆုံးခဲ့သည်။ ပြည်သူ့ကာကွယ်ရေးတပ် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ရေစကြိုနှင့် ပွင့်ဖြူ မြို့နယ်များတွင် စစ်ကောင်စီ တပ်သား ၃ ဦး သေဆုံးခဲ့သည်။ ထို့အပြင် ရေစကြိုနှင့် မြိုင်မြို့နယ်များတွင် စစ်ကောင်စီတပ် မိုင်းဆွဲတိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်သား ၉ ဦး သေဆုံးခဲ့သည်။




5 https://tinyurl.com/2a66kzpt

6 https://tinyurl.com/2auv5h2j

# မန္တလေးတိုင်း




တိုက်ပွဲဖြစ်ပွားမှုရက်ပေါင်း

၀ - ၀


၀ - ၁

မန္တလေးတိုင်း၊ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက် အကွက်အမှတ်(၈၉၆)၊ ၃၁ လမ်း၊ ၆၅ လမ်းနှင့် ၆၆ လမ်းကြားတွင် ဧပြီလ ၁၁ ရက်က မန္တလေးတိုင်းတရားလွှတ်တော် ဒုတိယညွှန်ကြားရေးမှူးနှင့် အိမ်အကူ အမျိုးသမီးတို့ နေအိမ်အတွင်းအသတ်ခံရပြီး၊ နေအိမ်မီးရှို့ခံရမှုဖြစ်ပွားခဲ့ပါသည်။ သေဆုံးသူများမှာ အိမ်ရှင်ဖြစ်သူသည် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် ဒုတိယညွှန်ကြားရေးမှူး ဒေါ်လေးကြည်(အသက် ၅၀ နှစ်) နှင့် အိမ်အကူအမျိုးသမီးသည် မအေးသန္တာ(အသက် ၄၀ နှစ်ဝန်းကျင်)တို့ ဖြစ်ကြပါသည်။ [7]

စစ်ကောင်စီတပ်ထံတွင် ဖမ်းဆီးခံရပြီး နှစ်ပတ်ကျော်ခန့် ကြာမြင့်အောင် သတင်းအစအနပျောက်ဆုံးနေသော မန္တလေးမြို့မှ နာမည်ကျော် အထည်ချုပ်လုပ်ငန်းဖြစ်သည့် အညာသားကြီးဆိုင်ပိုင်ရှင်မိသားစု၏ နေအိမ်ကို ဧပြီလ ၅ ရက်တွင် စစ်ကောင်စီတပ်မှ လာရောက်ချိပ်ပိတ်ခဲ့ပါသည်။ ဖမ်းဆီးခံထားရသူများမှာ "အညာသာကြီး အထည်ချုပ်လုပ်ငန်းနှင့် မြန်မာ့ရိုးရာပွဲတက်အဝတ်အထည်" ဆိုင်ပိုင်ရှင် ကိုကောင်းကျော်ဇံနှင့် ဇနီး မနော်မာဒီ ခေါ် မာလာဝေ၊ သမီးဖြစ်သူ မမိုးငယ် ခေါ် မိုးသီတာထွန်းတို့ဖြစ်ပြီး၊ ၎င်းတို့အား အောင်မြေသာစံမြို့နယ် ပြည်လုံးချမ်းသာရပ်ကွက်ရှိ နေအိမ်မှ စစ်ကောင်စီတပ်က မတ်လကတည်းက ဖမ်းဆီးခဲ့ခြင်းဖြစ်ပါသည်။ [8]

မတ္တရာနှင့် မြင်းခြံမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၃၉ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ဧပြီလ ၆ ရက်နေ့က ပုသိမ်ကြီးမြို့နယ်၊ အောင်ချမ်းသာရွာတွင် ရဲဒုတပ်ကြပ်တစ်ဦးသည် အမည်မသိ လက်နက်ကိုင်အဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။ ဧပြီလ ၁၂ ရက်နေ့က သပိတ်ကျင်းမြို့နယ်၊ တကောင်း တိုက်နယ်အတွင်း စစ်ကောင်စီတပ် မိုင်းဆွဲတိုက်ခိုက်ခံရပြီး စစ်ကောင်စီတပ်သား ၁၅ ဦး သေဆုံးခဲ့သည်။ ဧပြီလ ၁၄ ရက်နေ့က နွားထိုးကြီးမြို့၊ လူဝင်မှုကြီးကြပ်ရေးရုံး(လဝကရုံး) အနီးတွင် တပ်စွဲထားသော စစ်ကောင်စီတပ် ဒရုန်းဖြင့် ပုံးကြဲတိုက်ခိုက်ခဲ့ရပြီး သုံးဦးသေဆုံးခဲ့သည်။ ဧပြီလ ၁၀ ရက်နေ့က တောင်သာမြို့နယ်၊ တပင်ကန်ကျေးရွာမှ ပျူစောထီးအဖွဲ့ဝင် နှစ်ဦးနှင့် စစ်သားတစ်ဦးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့မှ ပစ်ခတ်ရှင်းလင်းခဲ့သည်။ ဧပြီလ ၁၁ ရက်နေ့က ချမ်းအေးသာစံ မြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်တွင် နေထိုင်သည့် မန္တလေးတိုင်းတရားလွှတ်တော် ဒုတိယညွှန်ကြားရေးမှူးနှင့် အိမ်အကူ အမျိုးသမီးတို့ နေအိမ်အတွင်း အသတ်ခံခဲ့ရသည်။


ဧပြီလ ၁၆ ရက်နေ့က ဇမ္ဗူသီရိမြို့နယ်၊ အဆင့်မြင့်စျေး ဘဏ်များလမ်း၊ ကျေးလက်ဖွံ့ဖြိုးရေးဘဏ်နှင့် ကမ္ဘာ့ရတနာဘဏ်အကျော်ရှိ စစ်ကောင်စီလက်အောက်ခံ ရဲကင်းဂိတ်ကို ပြည်သူ့ကာကွယ်ရေးတပ်မှ လက်ပစ်ပုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး စစ်ကောင်စီတပ်သား ၆ ဦးခန့် သေဆုံးခဲ့သည်။




7 https://tinyurl.com/29e9c8ka

8 https://tinyurl.com/29amb4us

# ကရင်ပြည်နယ်





သံတောင်ကြီးမြို့နယ်၊ ရွာကြီးကျေးရွာအုပ်စု၊ ပျားစခန်းကျေးရွာအတွင်းသို့ စစ်ကောင်စီတပ်မှ တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လက်နက်ကြီးပစ်ခတ်သဖြင့် ဒေသခံတစ်ဦးသေဆုံးပြီး ၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ လက်နက်ကြီးကျည် ကျရောက်၍ သေဆုံးသူမှာ အသက် ၆၂ နှစ်အရွယ် အဖီးနော်ဂရေး ဖြစ်ပြီး၊ နော်ဖောခူးစေး၊ နော်ခိုင်ဖော၊ နော်ယွာမူးဖော၊ စာခူဂေထူးနှင့် စောတာဂဒိ တို့တွင် ဒဏ်ရာအသီးသီး ရရှိခဲ့ကြပါသည်။ [9]

ဘားအံမြို့နယ်တွင် ညမထွက်ရအမိန့်ထုတ်ပြန်ထားခြင်းမရှိဘဲ စစ်ကောင်စီတပ်မှ ညအချိန် အပြင်ထွက်သည့် လူငယ်များကို ဖမ်းဆီးငွေညှစ်တောင်းခံမှုများ ပြုလုပ်လျက်ရှိနေပါသည်။ ပြီးခဲ့သည့် ဧပြီလ ၆ ရက် ညစနာရီဝန်းကျင်ခန့်တွင် ညအချိန်အပြင်ထွက်သည့်လူငယ်နှစ်ဦးကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ပြီး မိသားစုများကို တစ်ဦးလျှင် ငွေငါးသိန်းဖြင့်လာရောက် ရွေးထုတ်ခိုင်းခဲ့ပါသည်။ ထို့အပြင် စစ်ကောင်စီတပ်သားများသည် ညအချိန်တွင် အိမ်စီးကားများဖြင့် ကင်းလှည့်နေပြီး လူငယ်များကိုအဓိက ပစ်မှတ်ထားဖမ်းဆီးခြင်းနှင့် ဧည့်စာရင်းဝင်ရောက် စစ်ဆေးခြင်းများ ပြုလုပ်လျက်ရှိနေပါသည်။ [10]

ဧပြီလ ၅ ရက်နေ့ မှ စတင်၍ မြဝတီမြို့နယ်တွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)၊ ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၁၇ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၃ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ဧပြီလ ၆ ရက်နေ့က သံတောင်ကြီးမြို့နယ်၊ ပျားစခန်း ကျေးရွာတွင် စစ်ကောင်စီတပ်စခန်းမှ ပစ်ခတ်လိုက်သော လက်နက်ကြီးကျရောက်ပေါက်ကွဲမှုကြောင့် အမျိုးသမီး ၁ ဦး သေဆုံးခဲ့သည်။


အဆိုပါ မြဝတီမြို့နယ်အတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်မှ လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ခြင်းကြောင့် ဒေသခံ ပြည်သူ ၅၂၀၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။




9 https://tinyurl.com/26g3b329

10 https://tinyurl.com/23qjb4f4

# ပဲခူးတိုင်း





စစ်ကောင်စီတပ်သည် ကျောက်ကြီးမြို့နယ်၊ ကျောက်မော်ဘုရားကြီးကျေးရွာနှင့် ကော်သာစေးကျေးရွာမှ ဒေသခံ ၆ ဦးအား ဧပြီ ၁၃ ရက်က လမ်းပြအဖြစ် ဘောကထာ စစ်ကောင်စီတပ်စခန်းအထိ ခေါ်ဆောင်သွားခဲ့ပါသည်။ ၎င်းတို့အနက် တစ်ဦးအား ပြန်လည်လွှတ်ပေးခဲ့သော်လည်း ကျန် ၅ ဦးအား ဧပြီ ၁၅ ရက်အထိ ပြန်လည်လွှတ်ပေးခြင်း မရှိဘဲ ဖမ်းဆီးထားခဲ့ပါသည်။ ထို့ပြင် ဧပြီ ၁၁ ရက်ကလည်း ဘောကထာစစ်ကောင်စီတပ် စခန်းမှ လက်နက်ကြီးပစ်ခတ်မှုများကြောင့် ကျောက်ကြီးမြို့နယ်၊ မဘီလေးကျေးရွာမှ ဦးမြင့်အောင်၏ နေအိမ်နှင့် ငဖယ်အင်းကျေးရွာမှ မလှဲ့အိထွေး၏နေအိမ်တို့ လက်နက်ကြီး ကျည် ထိမှန်ပျက်စီးခဲ့ပါသည်။

စစ်ကောင်စီတပ်သည် ဧပြီ ၁၁ ရက်မှ စတင်ကာ လက်နက်ကြီးပစ်ခတ်ခြင်း၊ လေယာဉ်ဖြင့်ပစ်ခတ်ခြင်းများလုပ်ဆောင်နေသဖြင့် ဒေသခံ ၃၂၀၀ ခန့်မှာ နေအိမ်စွန့်ခွာ၍ ထွက်ပြေးတိမ်းရှောင်နေကြရကာ ဆန်နှင့် ဆေးဝါးအထောက်အပံ့များလိုအပ်လျက်ရှိနေပါသည်။ [11]

နတ်တလင်းမြို့နယ်၊ တောင်ညိုလေးရွာမှ ရာအိမ်မှူး ဦးဌေးလွင်အား သာယာဝတီ ခရိုင် တပ်ရင်း ၃၈၀၁၊ တပ်ခွဲ (၄) MRF-Nattalin မှ ဧပြီ ၁၅ ရက်က ပစ်ခတ်ရှင်းလင်းခဲ့ကြပါသည်။ ပစ်ခတ်ခံရသူ ဦးဌေးလွင်သည် စစ်ကောင်စီလက်အောက်ခံရာအိမ်မှူးဖြစ်သည့်အပြင် နိုင်ငံအဝှမ်း မြို့နယ် ကျေးရွာမကျန် ကွန်ရက်သဖွယ်ဖွဲ့စည်းထားသည့် သတင်းမီဒီယာအမည်ခံ လိုင်းကြေးကောက် သတင်းပေးအဖွဲ့ဖြစ်သော "မှုခင်းရှုထောင့်"အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်ကြောင်း သိရပါသည်။ [12]

ဖြူးနှင့် အုတ်ဖိုမြို့နယ်များတွင် စစ်ကောင်စီတပ် နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၇ ဦး ကျဆုံး၍ ပြည်သူ့ကာကွယ်ရေးတပ်မှ ၁ ဦးကျဆုံးခဲ့သည်။ ဧပြီလ ၁၁ ရက်နေ့က ကဝမြို့နယ်၊ ရှမ်းကန်-သပြုလမ်းမှာ ဆက်ကြေးလာကောက်သည့် ကဝမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင် ၂ ဦးအား ပြည်သူ့ကာကွယ်ရေးအဖွဲ့မှ ပစ်ခတ်တိုက်ခိုက်ရာ ၁ ဦး သေဆုံးခဲ့သည်။ ဧပြီလ ၁၅ ရက်နေ့က သုံးဆယ်မြို့နယ်ရှိ စစ်ကောင်စီဌာနဆိုင်ရာများ ဦးစီး ပြုလုပ်သော We Love Thonze သင်္ကြန်မဏ္ဍပ်အား ပြည်သူ့ကာကွယ်ရေးတပ်မှ မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ မဏ္ဍပ်အား လုံခြုံရေး ယူပေးထားသော ရဲတပ်ဖွဲ့ဝင် လေးဦးထက်မနည်း မိုင်းစများထိမှန်ကာ ပြင်းထန်ဒဏ်ရာရရှိသွားပြီး တစ်ဦးမှာ ပွဲချင်းပြီး သေဆုံးခဲ့သည်။ ထို့အပြင် ဧပြီလ ၁၅ ရက်နေ့က နတ်တလင်းမြို့နယ် လယ်မအင်းအုပ်စု၊ တောင်ညိုလေးရွာ၏ ရာအိမ်မှူး ဦးဌေးလွင်ကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ မှ ပစ်ခတ်ရှင်းလင်းခဲ့သည်။ ဧပြီလ ၁၁ ရက်နေ့မှ စတင်၍ စစ်ကောင်စီတပ်ဖွဲ့၏ လက်နက်ကြီး ပစ်ခတ်မှု၊ လေယာဉ်ဖြင့် ပစ်ခတ်မှုများကြောင့် ကျောက်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံ ၃၂၀၀ ကျော်သည် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။





11 https://tinyurl.com/23q4rh5x
12 https://tinyurl.com/2abmxyx6


# ရှမ်း (သျှမ်း) ပြည်နယ်

ဧပြီ ၁၈ ရက်တွင် လင်းခေးခရိုင် မောက်မယ်မြို့နယ် ကဒူးကြီးဒေသအတွင်း အရပ်သား (၃) ဦး တောထဲ ဟင်းရှာထွက်စဉ် မိုင်းနင်းမိခဲ့ကြောင်း အသက် ၄၀ ဝန်းကျင် ရန်ကင်းရွာမှ အမျိုးသမီး (၂) ဦး နှင့် အသက် ၈ နှစ်အရွယ် ကလေးငယ် တစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ၎င်းတို့ မိုင်းနင်းမိသည့် နေရာသည် ပအိုဝ်းအမျိုးသားများလွတ်မြောက်ရေး တပ်မတော် (PNLO/PNLA) နှင့် သျှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ၊ သျှမ်းပြည်တပ်မတော် (RCSS/SSA) တို့အကြား စစ်ရေးဖြစ်ပွားနေသည့် နေရာဖြစ်ကြောင်း သိရပါသည်။ [13]

ညောင်ရွှေမြို့နယ်တွင် စစ်ကောင်စီတပ်မှ ဒေသခံ ၆ ဦးအား စစ်ကောင်စီတပ်မှ ဖမ်းဆီးခဲ့ပါသည်။ ဧပြီလ ၅ ရက်တွင် ညောင်ရွှေမြို့ မိုင်းလီ (၅) ရပ်ကွက်မှ လေးလွင်မျိုး (ခ) ကိုမျိုးနှင့်အတူ ၎င်း၏ဇနီးဖြစ်သူ ခိုင်ဇာဝင်းဆိုသူတို့အား အင်းလေးရေပေါ်သကြၤန်အား ဖောက်ခွဲရေး စီစဉ်သူများ ဟုဆိုကာ စစ်ကောင်စီတပ်မှ ဖမ်းဆီးခဲ့ပြီး၊ ဧပြီ ၉ရက်တွင်လည်း အင်းလေးဒေသ အင်းပေါခုန်ရွာမှ အသက် ၂၇ နှစ် လင်းစိုးဇင်အား ထပ်မံဖမ်းဆီးခဲ့ပြီး နောက်ထပ် လူငယ် ၃ ဦးကိုလည်း ထပ်မံဖမ်းဆီးခဲ့ပါသည်။ [14]





ဖယ်ခုံ၊ မူဆယ် နှင့် နောင်ချိုမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၃၀ ဦး ကျဆုံးခဲ့သည်။ ဧပြီလ ၅ ရက်နေ့က နောင်ချိုမြို့နယ်၊ သံဘိုကျေးရွာအနီး တိုက်ပွဲတွင် စစ်ကောင်စီတပ်မှ ကျေးရွာအတွင်း ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည် ထိမှန်ပြီး ကလေးငယ် ၂ ဦး သေဆုံးခဲ့သည်။ ဧပြီလ ၁၃ ရက်နေ့က လားရှိုးမြို့၌ စစ်ကောင်စီ၏ ဗဟိုမဏ္ဍပ်အနီး ဗုံးပေါက်ကွဲရာ အမျိုးသား ၄ ဦး သေဆုံးခဲ့သည်။ ထို့အပြင် ဧပြီလ ၉ ရက် နှင့် ၁၁ ရက်နေ့က လဲချားမြို့နယ်တွင် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ သျှမ်းပြည်တပ်မတော် (RCSS/SSA)နှင့် ရှမ်းပြည် တိုးတက်ရေးပါတီ၊ ရှမ်းပြည် တပ်မတော် (SSPP/SSA) တို့ တိုက်ပွဲဖြစ်ပွားခဲ့သည်။ လဲချားနှင့် နောင်ချိုမြို့နယ်အတွင်း တိုက်ပွဲဖြစ်ပွားမှုများကြောင့် ဒေသခံ ၁၀၇၀ ကျော် ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။




13 https://tinyurl.com/284v2nth

14 https://tinyurl.com/298aqora

# ကရင်နီ (ကယား) ပြည်နယ်





လွိုင်ကော်အရှေ့ဖက်ခြမ်းတွင် ဧပြီ ၁၆ ရက်က စစ်ကောင်စီတပ်မှ လေကြောင်းဖြင့် ဗုံး ၄ လုံး ကြဲချခဲ့ပြီး၊ ဧပြီ ၁၅ ရက်တွင် လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ခြင်းကြောင့် စစ်ရှောင်စခန်းအနီးကျရောက်ပေါက်ကွဲခဲ့ကာ အသက် ၅၃ နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် အသက် ၁၂ နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ [15]

ဧပြီ ၁၇ရက်တွင်လည်း ဖရူဆိုမြို့နယ် ဒေါဗျာကူးကျေးရွာတွင် စစ်ကောင်စီတပ်မှ ပစ်ခတ်သည့် လက်နက်ကြီး ၃ လုံး ကျရောက်ပေါက်ကွဲပြီး ဒေသခံတစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကာ အိမ်မွေး တိရိစ္ဆာန်အချို့ သေဆုံးခဲ့ပါသည်။ ဖရူဆိုမြို့အတွင်း စစ်ကောင်စီတပ်၏ နေ့စဉ်ရက်ဆက်လက်နက်ကြီးပစ်ခတ်နေမှုကြောင့် ကျေးရွာအချို့နှင့် စစ်ဘေးရှောင်စခန်းအချို့ ပြောင်းရွှေ့တိမ်းရှောင်နေကြရပါသည်။ [16]


ကရင်နီစစ်ဘေးရှောင်စခန်းများမှ အမျိုးသမီးများသည် ငွေကြေးအခက်အခဲရှိပြီး အမျိုးသမီးလစဉ်သုံးပစ္စည်းများ သီးသန့်အလှူရှင်မရှိခြင်းကြောင့် အမျိုးသမီးလစဉ်သုံးပစ္စည်း(Pad) ဂွမ်းထုပ်အစား အဝတ်စများ အသုံးပြုနေကြရပါသည်။ စစ်ရှောင်အမျိုးသမီးများအတွက် လိုအပ်သော အသုံးအဆောင်များကို ကယန်းအမျိုးသမီးအစည်းအရုံး၊ ကရင်နီအမျိုးသမီးအစည်းအရုံးနှင့် လူသားချင်းစာနာထောက်ထားမှုအဖွဲ့များ၊ အရပ်ဖက်အဖွဲ့အစည်းများမှ ထောက်ပံ့မှုများရှိနေသော်လည်း အပြည့်အဝမပေးနိုင်သည့်အပြင် ဝေးလံခေါင်ဖျားသည့် တောတောင်များထဲရှိ စစ်ဘေးရှောင်အမျိုးသမီးများအတွက် လစဉ်သုံးပစ္စည်းရရှိရန် ပိုမိုခက်ခဲနေကြောင်း သိရပါသည်။ [17]

ဧပြီလ ၁၆ ရက်နေ့ မှ ၁၉ ရက်နေ့အထိ ဒီးမော့ဆိုမြို့နယ်၊ ဒေါညေးခူ ကျေးရွာအနီးတွင် စစ်ကောင်စီတပ်နှင့် ကရင်နီ ဒေသခံကာကွယ်ရေး ပူးပေါင်းတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၃၀ ဦး ကျဆုံးခဲ့သည်။




15 https://tinyurl.com/29ta5ehu
16 https://tinyurl.com/2a2gs66e
17 https://tinyurl.com/2dc62yuz

# တနင်္သာရီတိုင်း





ပုလောမြို့နယ်၊ ဝက်တိုးရွာထဲသို့ စစ်ကောင်စီတပ်မှ ဧပြီ ၆ ရက်က လက်နက်ကြီးဖြင့် ရမ်းသန်းပစ်ခတ်သဖြင့် ကလေး ၃ ဦး အပါအဝင် ဒေသခံ ၈ ဦး လက်နက်ကြီးထိမှန်ပြီး ဒဏ်ရာရရှိခဲ့ပါသည်။ ဒဏရာရရှိသူများတွင် ဆယ်နှစ်အောက် ကလေးငယ် ၃ဦးပါဝင်ခဲ့ပါသည်။ [18]

ဧပြီ ၁၅ ရက်တွင်လည်း ပုလောမြို့နယ်တွင် သင်္ကြန်လည်ရန် ထွက်လာသည့် လူငယ်နှစ်ဦးအား စစ်ကောင်စီတပ်မှ ပစ်ခတ်ခဲ့ပါသည်။ ဖြစ်စဉ်မှာ ပုလောမြို့မှ ပလမြို့ မီးလောင်ချောင်းကျေးရွာဘက်သို့ သင်္ကြန်လည်ရန်ထွက်လာသော အမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦးတို့ကို တန်းရှင်းကျေးရွာ အုပ်ချုပ်ရေးမှူးလမ်းတွင် ကင်းပုန်းစောင့်နေသော စစ်ကောင်စီတပ်သားများမှ ပစ်ခတ်ခဲ့ပြီး အမျိုးသမီးဖြစ်သူတွင် ဦးခေါင်းကျည် ရှပ်ထိမှန်ခဲ့ကာ နှစ်ဦးလုံးအား ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရပါသည်။ [19]

စစ်အုပ်ချုပ်ရေးကြေညာထားသော တနင်္သာမြို့နယ်တွင် ဧပြီ ၈ ရက်က အမှတ် ၃၀၆ အမြောက်တပ်မှ မော်တုံး ကျေးရွာအနောက်ကမ်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်သဖြင့် ၁၂ နှစ်အရွယ် ယောကျားလေးတစ်ဦးနှင့် ၁၅ နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးတို့ ပြင်းထန်ဒဏ်ရာများရရှိခဲ့ပါသည်။ တနင်္သာမြို့နယ်တွင် တိုက်ပွဲများကြောင့် ထွက်ပြေးတိမ်းရှောင်နေကြရသည့် စစ်ဘေးရှောင်များမှာ ဆေးဝါးနှင့် စားနပ်ရိက္ခာများ လိုအပ်လျှက်ရှိနေပါသည်။ [20]

လောင်းလုံနှင့် တနင်္သာရီမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၃၁ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ဧပြီလ ၆ ရက်နေ့က စစ်ကောင်စီတပ် ပစ်ခတ်မှုကြောင့် ရေဖြူမြို့နယ်၊ ကံပေါက်ဒေသ ဇာဒီကျေးရွာမှ ဒေသခံ ၁ ဦး သေဆုံးခဲ့သည်။ ဧပြီလ ၁၃ ရက်နေ့က စစ်ကောင်စီသတင်းပေးများဖြစ်ကြသည့် သရက်ချောင်းမြို့နယ်၊ ကနက်သီရိကျေးရွာနေ ဒေါ်သောင်းအေးနှင့် ကိုဆံရှည်တို့ သေနတ်ဖြင့်ပစ်ခတ်ခံရပြီးသေဆုံးခဲ့သည်။ ဧပြီလ ၁၀ ရက် နေ့က ရေဖြူမြို့နယ်၊ ကလိန်အောင်မြို့ နယ်မြေ ရဲစခန်းမှာ ဖမ်းဆီးစစ်ဆေးခံနေရသည့် အသက် ၅၀ ဝန်းကျင်အရွယ် ဦးဖြူဆိုသူ ကိုယ့်ကိုယ်ကိုယ် အဆုံး စီရင်ခဲ့သည်။ ဧပြီလ ၁၆ ရက်နေ့က ကော့သောင်းမြို့နယ်၊ ခမောက်ကြီးမြို့၊ ဆိတ်ဖူးကျေးရွာမှ ပျူစောထီးအဖွဲ့ဝင် နှစ်ဦးကို ပြည်သူ့ကာကွယ်ရေးတပ်မှ ပစ်ခတ်ရှင်းလင်းခဲ့သည်။ အဆိုပါ ပျူစောထီးခေါင်းဆောင်နှစ်ဦးပစ်သတ်ခံရပြီးနောက် ဒေသခံ ၃၀၀ နီးပါးသည် ထိုင်းနိုင်ငံဖက်သို့ ထွက်ပြေး တိမ်းရှောင်ခဲ့သည်။





18 https://tinyurl.com/2dmzqskj
19 https://tinyurl.com/24y5y2lg
20 https://tinyurl.com/2y4xq8ya


# မွန်ပြည်နယ်

သံဖြူဇရပ်မြို့နယ်၊ ပငကျေးရွာရှိ ရွာလယ်လမ်းမပေါ်တွင် ဧပြီလ ၁၇ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး၊ အနီးဝန်းကျင်မှ လူငယ်နှစ်ဦးအား စစ်ကောင်စီတပ်မှ ဖမ်းဆီးခေါ်ဆောင်ပြီးပစ်သတ်ခဲ့ပါသည်။ ဖြစ်စဉ်မှာ ပေါက်ကွဲမှုကြောင့် ပွန်းပဲ့ဒဏ်ရာများရရှိခဲ့သည့် လူငယ်တစ်ဦးနှင့် အဖော်ဖြစ်သူအား မသင်္ကာသူအဖြစ်ဖမ်း စစ်ကောင်စီတပ်က ဖမ်းဆီးခဲ့ပြီး ၎င်းတို့ ထွက်ပြေးသည်ဟုဆိုကာ စစ်ကောင်စီတပ်သားများမှ ပစ်သတ်ခဲ့ပြီး အလောင်းများအား သံဖြူဇရပ်မြို့နယ်၊ ဝဲကလိကျေးရွာသုသာန်၌ သင်္ဂြိုလ်ခဲ့ကြောင်း သိရပါသည်။ [21]

ဧပြီလ ၁၂ရက်တွင် ဘီးလင်းမြို့နယ်၊ အလူးကြီးကျေးရွာသားမှ စစ်မှုထမ်းဟောင်းတစ်ဦးအား စစ်ကောင်စီတပ်မှ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါသည်။ ဖမ်းဆီးခံရသူမှာ အသက် ၅၅ နှစ်အရွယ်ရှိ ဦးစန်းဝင်း(ခ)ဦးအညာသား ဆိုသူ ဖြစ်ပြီး၊ စစ်ကောင်စီတပ်သားများသည် ဦးစန်းဝင်း၏ ဆိုင်ကယ်အပါအဝင် ဒေသခံများ၏ ဆိုင်ကယ်များနှင့် ကားများကိုလည်း သိမ်းဆည်းယူခဲ့ပြီး၊ တစ်စီးလျှင် ငွေကျပ် သိန်း ၇၀ ဖြင့် လာရွေးခိုင်းကြောင်း သိရပါသည်။ [22]





ဘီလင်း၊ ကျိုက်ထိုနှင့် သထုံမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (KNLA)၊ ပြည်သူ့ကာကွယ်ရေးပူးပေါင်းတပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၁၁ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် ဧပြီလ ၅ ရက်နေ့က ကျိုက်ထိုမြို့နယ်၊ အင်္ဂဘိုကျေးရွာတွင် စစ်ကောင်စီတပ် တပ်မ ၄၄ လက်အောက်ခံ ခမရ–၂ တပ်ရင်း၏ တပ်ကြပ်ကြီး ကျော်ဆန်းကို ပြည်သူ့ကာကွယ်ရေးတပ်မှ ပစ်ခတ်ရှင်းလင်းခဲ့သည်။ ဧပြီလ ၁၁ ရက်နေ့က ရေးမြို့နယ်၊ အစင်ကျေးရွာအုပ်စု၊ ဇီးဖြူသောင်ကျေးရွာရှိ အုပ်ချုပ်ရေးမှူးရုံးအား ရေးပြောက်ကျားတပ်ဖွဲ့(YGF)မှ သွားရောက် ပစ်ခတ်ခဲ့ရာ ရုံးအတွင်းရှိ ပြည်သူ့စစ်နှစ်ဦး သေဆုံးခဲ့သည်။ ပစ်ခတ်မှုဖြစ်ပွားသည့်အချိန်တွင် ပြည်သူ့စစ် နှစ်ဦးနှင့်အတူရှိနေသော အသက် ၁၄ နှစ်အရွယ် မောင်ငြိမ်းခန့်ကျော်ဆိုသူ သေနတ်ကျည်ထိမှန်ကာ သေဆုံးခဲ့သည်။ ဧပြီလ ၁၇ ရက်နေ့က သံဖြူ ဇရပ်မြို့နယ်၊ ပငကျေးရွာရှိ ရွာလယ် လမ်းမပေါ်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနီးဝန်းကျင်မှ သံသယရှိသူ လူငယ်နှစ်ဦးအား စစ်ကောင်စီတပ်မှ ဖမ်းဆီးခေါ်ဆောင်သွားပြီး ပစ်သတ်ခဲ့သည်။




21 https://tinyurl.com/2dcogq3k
22 https://tinyurl.com/26hngjwy


# ဧရာဝတီတိုင်း




အင်္ဂပူမြို့၊ ပညာရေးမှူးရုံးရှေ့ လမ်းဆုံရှိ ဗဟိုမဏ္ဍပ်၌ စစ်ကောင်စီတပ်သားများနှင့် ရဲများစုဝေးနေချိန် ဧပြီ ၁၅ ရက်က အင်္ဂပူမြို့နယ်(ပကဖ) အဖွဲ့နှင့် စွန်ရဲနီ ဒီမိုကရေစီအင်အားစုအဖွဲ့တို့ ပူးပေါင်း၍ ဗုံးဖောက်ခွဲခဲ့ခြင်းကြောင့် ရဲ ၂ ဦးနှင့် စစ်ကောင်စီတပ်သားတစ်ဦး ဒဏ်ရာအပြင်းအထန်ရရှိခဲ့ပါသည်။ ဗုံးပေါက်ကွဲပြီးနောက် စစ်ကောင်စီတပ်သား အင်အား ၈၀ ခန့်သည် စစ်ကားများဖြင့်ရောက်ရှိလာပြီး မြို့ဝင်မြို့ထွက်လမ်းများကို ပိတ်ဆို့ရှာဖွေခဲ့ကြောင်း သိရပါသည်။ [23]

ဧပြီ ၁၃ ရက်တွင် ဟိုင်းကြီးကျွန်းမြို့၊ ဇီးချိုင်ကျေးရွာမှ စစ်ကောင်စီတပ်သတင်းပေးဟု နာမည်ကြီးနေသူ ဦးအောင်မျိုးလွင်၏ နေအိမ်သို့ အမည်မသိ လူငယ် ၄ ဦးရောက်လာပြီး ၎င်းအား သေနတ်ဖြင့် ပစ်ခတ်ခဲ့ပါသည်။ ပစ်ခတ်မှုဖြစ်ပြီး မိနစ်အနည်းငယ်အတွင်း ရဲတပ်ဖွဲ့များရောက်ရှိလာပြီး ဦးအောင်မျိုးလွင်အား ပုသိမ်စစ်ဆေးရုံသို့ ခေါ်ဆောင်သွားခဲ့ကြောင်း သိရပါသည်။ [24]

ဧပြီလ ၁၇ ရက်နေ့က ဧရာဝတီတိုင်း၊ ဟင်္သာတခရိုင်၊ မြန်အောင်မြို့နယ်အခြေစိုက် အမှတ်(၅၁) ခြေလျင်တပ်ရင်းကို ပြည်သူ့ကာကွယ်ရေးတပ်မှ ပစ်ခတ်တိုက်ခိုက်ခဲ့သည်။



23 https://tinyurl.com/243tzh92

24 https://tinyurl.com/287r6b5z


# ရန်ကုန်တိုင်း




ခရမ်းမြို့နယ်၊ လှူပင်မှူကြီးကြပ်ရေးရုံးအတွင်း တပ်စွဲထားသည့် စစ်ကောင်စီတပ်ကို ခရမ်းမြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF Khayan) မှ ဧပြီလ ၁၄ ရက်တွင် ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ပြီး ရဲတပ်သား နှစ်ဦး ပစ်ခတ်ခံရ၍ သေဆုံးပြီးနောက် စစ်ကောင်စီတပ်မှ မြို့အဝင်အထွက်ကို ပိတ်ဆို့ထားကာ ပြည်သူ ၄၀ ဦးထက်မနည်းကို ဖမ်းဆီးထားပါသည်။ ထို့ပြင် စစ်ကောင်စီတပ်မှ ခရမ်းမြို့နယ် အမှတ် (၃)ရပ်ကွက်ရှိ ခရမ်း ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ ခေါင်းဆောင် ကိုမီးပွား၏ ချိတ်ပိတ်ခံထားရသော နေအိမ်ကိုလည်း မီးရှို့ဖျက်ဆီးခဲ့ကြပါသည်။ [25]

နိုင်ငံတစ်ဝှမ်းရှိ အကျဉ်းထောင်/အချုပ်ထောင်နှင့် စခန်းအသီးသီးတွင် ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသား/သူ ၃,၀၀၀ ကျော်အား မြန်မာ့နှစ်ကူးအထိမ်းအမှတ်အဖြစ် ပြစ်ဒဏ်မှလွတ်ငြိမ်းခွင့်ပြုကြောင်း စစ်ကောင်စီမှကြေညာပြီးနောက် ရန်ကုန်အင်းစိန်ထောင်မှ အကျဉ်းသား ၂၀၀ ဝန်းကျင်ပြန် လည်လွတ်မြောက်လာသော်လည်း ထိုထဲတွင် နိုင်ကျဉ်းနှင့် ပုဒ်မ ၅၀၅ များ လွတ်ငြိမ်းတွင်ပါဝင်လာခြင်းမရှိကြောင်း သိရပါသည်။ [26]

ဧပြီလ ၁၃ ရက်နေ့က လှိုင်သာယာမြို့နယ်၊ အနောက်ပိုင်း (၁၂) ရပ်ကွက်ရုံးအနီးတွင် ပေါက်ကွဲမှု နှစ်ကြိမ်ဖြစ်ပွားရာ ဗုံးပေါက်ကွဲသည့် နေရာကို လာရောက်စစ်ဆေးစဉ် ထပ်မံပေါက်ကွဲမှုကြောင့် စစ်ကောင်စီတပ်မှ ဗိုလ်မှူးကြီး ဇင်မောင်လွင် သေဆုံးခဲ့သည်။ ထို့အပြင် ဧပြီလ ၁၄ ရက်နေ့က ခရမ်းမြို့နယ်၊ လှူပင်မှူကြီးကြပ်ရေးရုံးအတွင်း တပ်စွဲထားသည့် စစ်ကောင်စီတပ်ကို ပြည်သူ့ကာကွယ်ရေးတပ်က ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး စစ်ကောင်စီတပ်သား ၂ ဦး သေဆုံးခဲ့သည်။ ဧပြီလ ၁၈ ရက်နေ့က သန်လျင်မြို့နယ်၊ ထန်းပင်ကုန်းရပ်ကွက်၊ ထန်းပင်ကုန်းလမ်းတွင် အငြိမ်းစားဒုဗိုလ်မှူးကြီး အောင်ညီထွန်းနှင့် မိသားစုဝင် ၂ ဦးသည် အမည်မသိ လက်နက်ကိုင်အဖွဲ့၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည်။




25 https://tinyurl.com/22mgynyh
26 https://tinyurl.com/2c85vszc




# ရခိုင်ပြည်နယ်

စစ်တွေမြို့၊ စက်ရုံစုရပ်ကွက်နှင့် ဘောင်းဒွတ်သားစု ရပ်ကွက်တို့မှ ဒေသခံ ၅ ဦးအား စစ်ကောင်စီတပ်မှ နေအိမ်များအတွင်းသို့ ဝင်ရောက်ဖမ်းဆီးခဲ့ပါသည်။ ဖမ်းဆီးခံရသူများမှာ စက်ရုံစုရပ်ကွက်မှ အမျိုးသား ၃ ဦးနှင့် ဘောင်းဒွတ်သားစု ရပ်ကွက်မှ အမျိုးသား ၂ ဦးတို့ဖြစ်ကြပါသည်။ [27]

ပုဏ္ဏားကျွန်းမြို့နယ်၊ တောဖျားချောင်းဒေသ အထက်ပိုင်းရှိ အထက်သင်ပုန်းတန်း၊ ခွေးထီးနှင့် ဖားကြွယ် စစ်ဘေးရှောင်စခန်းမှ စစ်ဘေးရှောင် ၆၅၀ ကျော်မှာ အကူအညီအထောက်ပံ့ တစ်စုံတစ်ရာ မရရှိတော့သဖြင့် စားဝတ်နေရေးအခက်အခဲနှင့် ရင်ဆိုင်နေရကြောင်း သိရပါသည်။ အဆိုပါ စစ်ဘေးရှောင်များမှာ ၂၀၁၈ ခုနှစ်က စစ်ကောင်စီတပ်နှင့် ရက္ခိုင့်တပ်တော်(AA) တို့ အကြား တိုက်ပွဲများကြောင့် ရခိုင်ဒေသတွင် အစောဆုံး နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရသည့် စစ်ရှောင်များဖြစ်ပြီး သပြုချောင်း၊ ကျောက်စရောင်၊ မောင်နမ၊ ဖက်ဝန်းချောင်း၊ နတ်သရွေး၊ အဝန်းတောင် စသည့် ကျေးရွာတို့မှဖြစ်ကြပါသည်။ [28]

ရခိုင်ပြည်နယ်အတွင်းရှိ သတင်းမီဒီယာများအပေါ် စစ်ကောင်စီတပ်မှ ဖိနှိပ်မှုများ ပိုမိုပြုလုပ်လာပြီး၊ သတင်းဌာနအပါအဝင် အယ်ဒီတာချုပ်နှင့် သတင်းထောက်များကို တရားစွဲဆိုထားပြီး အချို့အား တသက်တကျွန်းထောင်ဒဏ်ချမှတ်ခံရနိုင်သော ပုဒ်မများဖြင့် တရားစွဲဆိုထားခြင်းကြောင့် ရုံးခန်းများ သတ်မှတ်ပြီး အလုပ်လုပ်ကိုင်၍ မရတော့ဘဲ လုံခြုံမည့်နေရာများတွင် သတင်းခန်းများလည်ပတ်နိုင်အောင် လုပ်ကိုင်နေကြရပါသည်။ [29]


ဧပြီလ ၁၁ ရက်နေ့က မောင်တောမြို့နယ်တောင်ပိုင်း၊ ကျောက်ပန္နူတပ်စခန်းတွင် စစ်ကောင်စီတပ်သား အချင်းချင်း ရန်ဖြစ်ရာမှ လက်ပစ်ဗုံးပေါက်ကွဲ၍ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာ ရရှိခဲ့သည်။




27 https://tinyurl.com/2ccktrth
28 https://tinyurl.com/2bv64jbx
29 https://tinyurl.com/2bm26me5

# ချင်းပြည်နယ်


ဖလမ်းမြို့နယ် ရမ်ထလို (Ramthlo) ရွာတွင် ဧပြီ ၁၇က ဒေသခံ ဦး ဖွန်းကြီးနှင့် ဒေါ်မဆန်းတို့သည် တောင်ယာသွားစဉ်မှာ မိုင်းနင်းမိ၍ ပေါက်ကွဲမှုကြောင့် နှစ်ဦးစလုံး ဒဏ်ရာအပြင်းအထန် ရရှိခဲ့ကြပြီးနောက် ဇနီးဖြစ်သူမှာ သွေးထွက်လွန်၍ သေဆုံးခဲ့ပါသည်။ [30]




မင်းတပ်မြို့နယ် တိုက်နယ်အမှတ် ၁ ပန်းပါကျေးရွာတွင် စစ်ကောင်စီတပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဒေသခံ ၃ ဦးသေဆုံးပြီး ၆ ဦး ဒဏ်ရာရရှိခဲ့ပါသည်။ ဧပြီ ၁၆ ရက်တွင် စစ်ကောင်စီတပ်သည် ဂျက်ဖိုက်တာဖြင့် ပန်းပါကျေးရွာသို့ ၆ ကြိမ်လာရောက်ပြီး ဗုံး ၁၇ လုံးဖြင့် ကြဲချ တိုက်ခိုက်ခဲ့ခြင်းကြောင့် အသက် ၇၀ အရွယ် နှင့် အသက် ၁၇ နှစ်အရွယ် အမျိုးသမီး ၂ ဦးနှင့် အသက် ၄ နှစ်အရွယ် ကလေးတစ်ဦး သေဆုံးခဲ့ကာ အမျိုးသား ၂ ဦးနှင့် အမျိုးသမီး ၅ ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ထို့ပြင် လူနေအိမ် ၂ လုံးမီးလောင်ပြီး လူနေအိမ် ၉ လုံး ပျက်စီးသွားခဲ့ပါသည်။ [31]

ဧပြီ ၁၂ ရက်တွင် ဟားခါးမြို့မှ စစ်ကောင်စီတပ်လက်အောက်ခံ ရှေးဟောင်းသုသေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်ငိုင်ဟောက်ငြောင် (Ngai Hau Niang) ကို အမည်မသိလူတစ်စုမှ ဖမ်းဆီးခေါ်ဆောင်ခဲ့ပါသည်။ ယင်းနေ့ နေ့လည်ပိုင်းတွင် သေနတ်ကိုင်ဆောင်သူ အမည်မသိလူအချို့သည် ဒေါ်ငိုင်ဟောက်ငြောင်အိမ်သို့ ရောက်ရှိလာပြီး မေးမြန်းစရာရှိသည်ဟုဆိုကာ ဖမ်းဆီးခေါ်ဆောင်ခဲ့ခြင်းဖြစ်ကာ၊ ၎င်းသည် ဟားခါးမြို့ ယဉ်ကျေးမှုရုံးဝန်းရှိ ဝန်ထမ်းအိမ်ယာတွင် မိသားစုနှင့် နေထိုင်ကာ စစ်ကောင်စီအာဏာသိမ်းပြီးနောက်တွင်လည်း CDM ပြုလုပ်ခြင်းမရှိဘဲ စစ်ကောင်စီတပ်လက်အောက်ခံဝန်ထမ်းအချို့နှင့် ရုံးလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နေသူတစ်ဦးဖြစ်ပါသည်။ [32]

မင်းတပ်၊ ဟားခါးနှင့် ဖလမ်းမြို့နယ်များတွင် စစ်ကောင်စီတပ်နှင့် ချင်းဒေသကာကွယ်ရေးတပ်တို့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၄၂ ဦး ကျဆုံးခဲ့သည်။ ထို့အပြင် မင်းတပ်နှင့် ဖလမ်းမြို့နယ်များတွင် စစ်ကောင်စီတပ်က လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူ ၁၂ ဦး သေဆုံးခဲ့သည်။ ဧပြီလ ၁၇ ရက်နေ့က ဖလမ်းမြို့နယ် ရမ်ထလို (Ramthlo) ရွာတွင် ဒေသခံ ဇနီးမောင်နှံ ၂ ဦး တောင်ယာသွားစဉ်မှာ မိုင်းနင်းမိ၍ အပြင်းအထန် ဒဏ်ရာရရှိခဲ့ကြပြီး ဇနီးဖြစ်သူ သေဆုံးခဲ့သည်။




30 https://tinyurl.com/28az6ptz
31 https://tinyurl.com/23dqcnu7
32 https://tinyurl.com/248xfn9n

# နိုင်ငံတကာစာမျက်နှာ



ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန် ဒေါက်တာ နိုလင်းဟေဇာနှင့် အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာခေါင်ကင်မ်ဟောင်းန်တို့သည် ဧပြီ ၆ ရက်က အာဆီယံအတွင်းရေးမှူးချုပ်ရုံး၌ တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြပါသည်။

အာဆီယံအုပ်စု၏ ဘုံသဘောတူညီချက် ၅ ရပ် အကောင်အထည်ဖော်ဆောင်မှုကို ထောက်ခံပြီး အာဆီယံဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန်ရုံးနှင့်အတူ လက်တွဲလုပ်ဆောင်နေကာ ဒေသဆိုင်ရာ အားထုတ်မှုများ၊ အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂ၏ အားထုတ်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ခြင်းဖြစ်ပါသည်။

နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် မြန်မာနိုင်ငံထံသို့ လက်နက်စီးဝင်မှု ရပ်တန့်ပစ်ရန်လိုအပ်ပြီး မြန်မာနိုင်ငံ၏ အာဏာသိမ်းစစ်ကောင်စီအပေါ် ညှိနှိုင်းဖော်ဆောင်သော ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ရေး အတူတကွ လုပ်ဆောင်ကြရန် လိုအပ်ကြောင်း ကုလသမဂ္ဂ အထူးသံတမန် တွမ်အင်ဒရူးက ဧပြီ ၁၂ ရက်တွင် ပြောပါသည်။

ထို့ပြင် မြန်မာစစ်ကောင်စီတပ်အနေဖြင့် အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်နေခြင်းသည် ကမ္ဘာကြီး၏ မျက်ကွယ်ပြုမှုနှင့် လက်နက်ထောက်ပံ့နေသူများကြောင့် ဖြစ်သည်ဟု တွမ်အင်ဒရူးက ဝေဖန်ထောက်ပြထားပြီး ကမ္ဘာ့ခေါင်းဆောင်များအနေဖြင့် ကလေးအရေ

> ကမ္ဘာ့ခေါင်းဆောင်များ အနေဖြင့် ကလေးအရေးအတွက် မည်မျှထိ သေဆုံးမှသာလျှင် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ ရပ်တန့်အောင် လုပ်ဆောင်မည်နည်းဆိုသည့် မေးခွန်းကိုလည်း ထုတ်ခဲ့ပါသည်။

အတွက် မည်မျှထိ သေဆုံးမှသာလျှင် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများ ရပ်တန့်အောင် လုပ်ဆောင်မည်နည်းဆိုသည့် မေးခွန်းကိုလည်း ထုတ်ခဲ့ပါသည်။ ကုလသမဂ္ဂ အထူးသံတမန် တွမ်အင်ဒရူးက စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ ပဇီးကြီးကျေးရွာတွင် ဧပြီ ၁၁ ရက်က စစ်ကောင်စီတပ်၏ လေကြောင်းရန်ကြောင့် လူပေါင်းရာချီသေဆုံးခြင်းနှင့် ပတ်သက်၍ မေးခွန်းထုတ်ခဲ့ခြင်းဖြစ်ပါသည်။

ကန့်ဘလူမြို့နယ် လေကြောင်းတိုက်ခိုက်ခံရမှုနှင့် ပတ်သက်၍ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရပ်စ်က အပြင်းအထန် ကန့်ကွက်ရှုတ်ချလိုက်ပြီး ၎င်းလုပ်ရပ်ကျူးလွန်သူများအနေဖြင့် တာဝန်ခံရန်နှင့် အကြမ်းဖက်မှုများ ရပ်တန့်ရန်တောင်းဆိုကြောင်း ဧပြီ ၁၁ ရက်က ထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။

နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာရေး AI အဖွဲ့မှ မြန်မာစစ်ကောင်စီထံ လေယာဉ်ဆီပေးပို့မှုများ ရပ်ဆိုင်းရေးအတွက် နိုင်ငံတကာ အဖွဲ့အစည်းကို တိုက်တွန်းခဲ့ပါသည်။ ယင်းတိုက်တွန်းမှုသည် စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ်တွင် အသေအဆုံးများသော လေကြောင်းတိုက်ခိုက်မှု သတင်းများကို တုံ့ပြန်ခြင်းဖြစ်သည်ဟု AI ၏ စီးပွားရေးနှင့် လူ့အခွင့်အရေး သုတေသီ မွန်စီမာရာက ပြောပါသည်။

အဆိုပါ လေကြောင်းတိုက်ခိုက်ခံရမှုကြောင့် ကျောင်းသားကလေးများအပါအဝင် အရပ်သားပြည်သူတွေ ၁၀၀ ကျော် သေဆုံးခဲ့ခြင်းနှင့် ပတ်သက်၍ ဂျပန်အစိုးရကလည်း ပြင်းပြင်းထန်ထန်ရှုတ်ချကြောင်း ဧပြီ ၁၂ ရက်တွင် ထုတ်ပြန်ခဲ့ပါသည်။ ဂျပန်အစိုးရအဖွဲ့ အတွင်းဝန်ချုပ် မစ္စတာမာဆုနိုဟီရိုခဇုက တိုကျိုမြို့တွင် ပုံမှန်ကျင်းပသော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်ပြီး မြန်မာစစ်တပ်၏ အကြမ်းဖက်မှုများ ချက်ချင်းရပ်တန့်ရန်လည်း  တောင်းဆိုခဲ့ပါသည်။

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံမှ အဓိကပုဂ္ဂိုလ်များနှင့်အတူ ယုံကြည်မှုတည်ဆောက်ရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး ယင်းမှသာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ စတင်နိုင်မည်ဟု နိုင်ငံခြားရေးဝန်ကြီး ရတ်နိမာဆူဒီက ဧပြီလ ၅ ရက်တွင် ပြောပါသည်။  မြန်မာနိုင်ငံသည် ၂၀၂၁ ဖေဖော်ဝါရီလမှ စ၍ စစ်ကောင်စီတပ်သည် ရွေးကောက်ခံအစိုးရထံမှ အာဏာသိမ်းခဲ့ခြင်းကြောင့် လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး ဝရုန်းသုန်းကား အခြေအနေ ဆိုက်ရောက်လျက်ရှိသည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့ပါသည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က ကန့်ဘလူမြို့နယ်၊ ပဇီကြီးရွာအား စစ်ကောင်စီတပ်မှ လေကြောင်းနေပုံးကြဲခြင်းကြောင့် ကလေး ၃၅ ယောက် အပါအဝင် လူ ၂၀၀ ခန့် သေဆုံးခဲ့ရသည့်အတွက် မြန်မာပြည်ငြိမ်းချမ်းဖို့ ထပ်မံပန်ကြားခဲ့ပါသည်။

အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ် လန်ကားမြို့တွင် မြန်မာနိုင်ငံသား အယောက် ၂၀ ကျော်ကို ဧပြီ ၆ ရက်က ဖမ်းဆီးခဲ့ပါသည်။ ဖမ်းဆီးခံရသူများမှာ လန်ကားမြို့တွင် ယက္ကန်းအလုပ်လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများဖြစ်ပြီး မဏိပူရ်ပြည်နယ် ရဲတပ်ဖွဲ့က အလုပ်ရုံထဲသို့ ဝင်ရောက်ဖမ်းဆီးခဲ့ခြင်းဖြစ်ကာ အမျိုးသား ၆ ဦး၊ အမျိုးသမီး ၁၁ ဦးနှင့် ကလေး ၆ ဦးတို့ပါဝင်ခဲ့ပါသည်။

မှတ်ချက်။ ။

တစ်ပတ်အတွင်းဘာတွေဖြစ်ခဲ့သလဲ
ကဏ္ဍအတွင်း အကိုးအကား
သတင်းအရင်းအမြစ်များကို
Burma News International - BNI၏
အဖွဲ့ဝင် သတင်းဌာန (၁၅) ဖွဲ့အပြင်
အခြားသော ပြည်တွင်းပြည်ပ
သတင်းဌာနများမှ
ကောက်ယူစုစည်းဖော်ပြခြင်း
ဖြစ်ပါသည်။

Weekly News Review